# ဗုဒ္ဓဝါဒ

စာသင်ကျောင်းတိုင်း သင်ကြားကြရန်။

# မြန်မာပြည့်အကျဉ်းချုပ်

မှတ်ချက်။

★

ဒေါင်းမြို့

ကျောင်းဆရာကြီးဦးရွှေဘဲရေးသည်။

တအုပ် (၅)။ လက်မှတ်ထိုး-ဆယ်အုပ် (၄)။

ပဉ္စမနှိပ်ခြင်း-အုပ်ရေ ၂၀၀၀။

ရေးသူ-မူပိုင်-၁၃၁၁ ခုနှစ်တော်သလင်း ၁၅ ရက်။

ရွှေပြည်ဆွန်းစာပုံနှိပ်တိုက်၊ ကြည့်မြင်တိုင်။

# စာအုပ် ၁၀၀- လှူသည့် မွေ့ဒါနရှင်များ

၁။ သိပ္ပံကိုင့်ဖြန့် ဦးဇောတိက၊ မွေ့ကထိက-ဒကာ-ဒကာမများ-ရွှေတိဂုံဘုရားအရှေ့ မြောက်ထောင့်။

၂။ ဦးသာဘေ-ဒေါ်စော သာသနမဏ္ဍိုင် ပိဋကတ်စာအုပ်ဆိုင် ရွှေတိဂုံဘုရားကြီးဈေး ဆိုင်နံပါတ်၁၅-၁၆။

၃။ ခန္တီပြူဆရာတော်နှင့် ဒကာ-ဒကာမများ-ဟံသာဝတီကွက်သစ်။

၄။ ဆရာမဒေါ်ခင်မေညွန့်-သာသနာပြု တက္ကသိုလ်ကျောင်း—ကေတုမတီ-ဗားကရာတိုက်၊

၅။ ဦးသိန်း-ဒေါ်ပု-ဂဠုန်တံဆိပ်-သက်နှုံးတိုက်ဆိုင် ကြည့်မြင်တိုင်၊

၆၊ ကလယ်ခြံ-မြို့နီဝိပါယ်ကျောင်းဆရာ ဦးစံရေး-ဆရာကတော်ဒေါ်ကြွေ၊

၇၊ ဦးဘိုးသာ- ဒေါ်တင်မြ- သက်နှုံးဆိုင်- ဝဲကူးမြို့ အုန်းပင်တန်း၊

ဒေါင်းဖြူမြို့–ကျောင်းဆရာကြီး၊ဦးရွှေဘဲ
( ရေးသားသည် )

# {က} မုဒ္ဒဝါဒ – မင်္ဂလသုတ်

# တရားတော်လိုရင်း၊

## စာသင်ကျောင်းတိုင်း သင်ကြားကြရန်။

● နိဒါန်းခက်ဆစ်နှင့်နိဂုံးခက်ဆစ်အဓိပ္ပါယ်မှာ
သဘာဝ–သဘောကိုသာ၊မုက္ခ၂ပရမတ်–မှတ်ရန်နှင့်
သုတ္တံနည်း–အဘိဓမ္မာနည်း–ရုပ်ဓါတ်နှင့်နာမ်ဓါတ်ခွဲခြားပြီးလျှင်
ပရမတ်မုက္ခ၂နှင့်ပညာတ်၃ပစာသယ်ပါ။
ကမ္ဘာအစမှ-ကမ္ဘာပျက်သည့်တိုင်အောင်

# (ခ) မြန်မာပြည်အတွက်ဒိုင်ရာယီ

တအုပ် (၅)။လက်မှတ်ထိုး-ဆယ်အုပ် (၄)။

မှတ်တမ်းကို–အလွယ်သိဘို့ရာ၊ခေတ်အလိုက်-လေးချိုး–ဒွေးချိုး
ကြိုချိုး-ရှစ်လုံးဘွဲ့၊နိဗ္ဗိန္ဒူဒွန်းသောက်သံပေါက်နှင့်
ရေးသားပါသည်။

( စာအုပ်တရာဓမ္မဒါနရှင်၏အမည်-အလုပ်-နေရပ်-စာအုပ်မှာ )
ထည့်သွင်းပါသည်

ရေးသူ–မူပိုင်–ပထမနှိပ်ခြင်း ( ၂၀၀၀ )
၁၃၁၁–ခုနှစ်ဘဏ်လဆန်း ၁၅ ရက်။
ရွှေပြည်ညွန့်ပုံနှိပ်တိုက်၊ ကြည့်မြင်တိုင်။

နမောတဿ၊ ဘဂဝတော၊ အရဟတော၊ သမ္မာသမ္ဗုဒ္ဓဿ။

# မင်္ဂလသုတ်တရားတော်

ရတနာမြတ်သုံးပါးအပေါင်းကို အလွန်ရှိသေစွာ ရှိခိုး၍ခေတ်အလိုက် ပေါ်လွင်ထင်ရှားသောစကားဖြင့်၊ မင်္ဂလသုတ် တရားတော်ကို၊ လေးချိုး ခွေးချိုး ကြိုးချိုး တေးကဗျာအသွားဖြင့်၊ရေးသားပါအံ့အသုံးပြုကြပါစေ ကုန်သတည်း။

၁။ မနုဿာလူ့ဘဝရလာကြသူငါသူတော်ကောင်း တရားဟောတာ နာရတို့ကြုံခဲ့ လူ၊နတ်၊နိဗ္ဗာန်၊ချမ်းသာ ကို။ရတို့ဆိုတာမှာ၊မင်္ဂလသုတ်တရားတော်ကိုသာဟော ပြတာဘဲ။ ။ (နေ့ဘိုင်းဟောတဲ့ဒုလ္လဘငါးပါး)

၂။ မင်္ဂလာသုတ်အစ လူဗါလပဏ္ဍိတာပူဇော်ထိုက် မှပူဇော်ပါ ဒေသနာတင်လျှားထိုသုံးပါးအစတယ်သည့် သုံးဆဲ့ရှစ်သွယ်ဟောပြတာပါလေး။ ။

၃။ မသင့်တင့် မလျောက်ပတ်မနေအပ်ရာ လျောက် ပတ်မှ နေတို့ရာ ဒေသနာ တင်လျှား ရှေ့ကကောင်း သလောက် ခုဘာကောင်းတာ သိကြတာအများခုက ကောင်းမှ နောက်ဘဝကောင်းမှာကိုသိရှိကာမှတ်သား ထိုသုံးပါးမင်္ဂလာကို ဒုတိယဂါထာတွင် ဟောပြတာပါ လေး။ ။

# စာအုပ် ၁၀၀-လှူသည့်ဓမ္မဒါနရှင်များ.

၁။ သီဟိုဠ်ဖြန် ဦးဇောတိက၊ ဓမ္မကထိက-ဒကာ-ဒကာမများ-ရွှေတိဂုံဘုရားအရှေ့မြောက်ထောင့်။

၂။ ဦးသာဘော-ဒေါ်စော သာသနမဏ္ဍိုင် ပိဋကတ်စာအုပ်ဆိုင် ရွှေတိဂုံဘုရားကြီးဈေး ဆိုင်နံပါတ်၁၅-၁၆။

၃။ ဓနုဖြူဆရာတော်နှင့် ဒကာ-ဒကာမများ-ဟံသာဝတီကွက်သစ်။

၄၊ ဆရာမဒေါ်ခင်မေညွန့်-သာသနာပြု တက္ကသိုလ်ကျောင်း—ကေတုမတီ-ဗားကရာတိုက်၊

၅၊ ဦးသိန်း-ဒေါ်ပု-ဂဠုန်တံဆိပ်-သင်္ကန်းတိုက်ဆိုင် ကြည့်မြင်တိုင်၊

၆၊ ကလယ်မြို့-မြူနီစီပါယ်ကျောင်းဆရာ ဦးစံရေး—ဆရာကတော်ဒေါ်ကြွေ၊

၇၊ ဦးဘိုးသာ- ဒေါ်တင်မြ- သင်္ကန်းဆိုင်- ပဲခူးမြို့ အုန်းပင်တန်း၊

ဒေါင်းဖြူမြို့-ကျောင်းဆရာကြီး ဦးရွှေဘဲ

( ရေးသားသည့် )

# {က} ဗုဒ္ဓဝါဒ — မင်္ဂလသုတ်

# တရားတော်လိုရင်း၊

## စာသင်ကျောင်းတိုင်း သင်ကြားကြရန်။

● နိဒါန်းခက်ဆစ်နှင့်နိဂုံးခက်ဆစ်အဓိပ္ပါယ်မှာ

သဘာဝ—သဘောကိုသား မုက္ခ၂ပရမတ်—မှတ်ရန်နှင့်

သုဿံနည်း—အဘိဓမ္မာနည်း—ရုပ်ဓါတ်နှင့်နာမ်ဓါတ်ခွဲခြားပြီးလျှင်

ပရမတ်မုက္ခ၂နှင့်ပညာတ်ဥပစာအသယ်ပါ၏။

ကမ္ဘာ့အစမှ-ကမ္ဘာပျက်သည့်တိုင်အောင်

## (ခ) မြန်မာပြည်အတွက်ဒိုင်ရာယီ

တအုပ် (၅)။ လက်ရှတ်ထိုး-ဆယ်အုပ် (၇)။

မှတ်တမ်းကို—အလွယ်သိဘို့ရာ၊ ခေတ်အလိုက်-လေးချိုး—ဒွေးချိုး

ကြိုးချိုး-ရှစ်လုံးဘွဲ့၊ နိဗ္ဗန္ဓနွန်းထောက်သံပေါက်နှင့်

ရေးသားပါသည်။

( စာအုပ်တရာဓမ္မဒါနရှင်၏အမည်-အလုပ်-နေရပ်-စာအုပ်မှာ )

ထည့်သွင်းပါသည်

ရေးသူ—မူပိုင်—ပထမနှိပ်ခြင်း ( ၂၀၀၀ )

၁၃၁၁—ခု၊ နတ္တော်လဆန်း ၁၅ ရက်။

ရွှေပြည်ညွန့်ပုံနှိပ်တိုက်၊ ကြည့်မြင်တိုင်။

၄။ အကြားနှင့် အမြင်ဆိုတာများတို့ရာအားခဲ၊ ဝိနည်းနှင့်ကျင့်မလွဲပါမှ၊ ပါယ်ငရဲကင်းလွတ်ခါလူနတ်ချမ်းသာ၊ လက်မှု့ အစ တတ်ပညာကိုမှတ်လိုက်နာသင်ကြားပြော ဆိုမှု့နှုတ်စကားမှာတော့၊ စ-လယ်-ဆုံး-သုံးပါး ညီညွတ်ရမှာ၊ ထိုလေးပါးမင်္ဂလာကို၊ တတိယဂါထာမှာဟော ဖြတာပါလေး။ ။

၅။ အမိနှင့်အဘ ကျွေးမွေးမှုလုပ်မှာချီးမွမ်းရမှာ သားမယားလင်ဆိုတာမှာ၊ ပြုကျင့်ပါ ငတ်ငါးပါးရှောင် ယှက်မရှိမှ ပြုမိတို့ရာကို-သိရှိကာ မှတ်သား-ထိုသုံးပါး မင်္ဂလာကို စတုတ္ထဂါထာမှာဟောဖြတာပါလေး။ ။
၆။ ပေးကမ်းမှု့ ဍွန့်ကျူးတာ အလှူမှာဒါန၊ နိဗ္ဗာန်တိုင်ချမ်းသာရတာမို့၊ ပါတေးလျှ၊ လမ်းရိက္ခာနတ်ပြည် ရောက်မှာ၊ ဖြတ်မွေဆယ်ဖြာကို ကျင့်တို့ရာသင်ကြား။ ညာတကာဆွေမျိုးကိုတော့၊ ပစ္စယ၊ မွေ၊ သင်္ဂဟထိုးစ်ဖြာ ချီးမြှောက်ရမှာ ဖြစ်မရှိမှ ပြုမိတို့ရာကိုသိမှတ်ကာမှတ်သား ထိုလေးပါးမင်္ဂလာကို၊ ပဉ္စမ၊ ဂါထာမှာ၊ ဟောဖြတာပါ လေး။ ။

၇။ အာရတိဝိ လဆောက်တည်ကြသူငါ၊ အထူး မှတ်သိတို့ရာမှာ၊ ဝိရတီသုံးပါး။ သမာဒါနဝိရတီမှတ်ရ မည်တပါး။ သမ္ပတ္တဝိရတီ၊ တွေ့သည်အခါမှာ၊ ရှောင်ရှား။ သမုစ္ဆေဒ၊ ဝိရတီဆိုတာမှာ၊ အရိယာများသာ၊ ဖြစ်သည့် တရား၊ သူရာမှာငါးပါးနှင့်၊ မေရိယ ငါးဖြာ၊ ဘိမ်းကဇော်

သေအရက်များကိုတော့၊ မသောက်စားမိတို့ရာ၊ ရှောင်ကြဉ်ရမှာ၊ မမေ့အပ်ပြုတို့ရာမှာ၊ ကုသလာ၊ ဆယ်ပါး၊ ထိုလေးပါးမင်္ဂလာကို၊ဆဌမ၊ဂါထာမှာ၊ဟောပြတာပါ၊လေး။ ။

၇။ လူလီမွှာလက္ခဏာမှာ၊ ရှိသေတာ မှတ်သား၊ နိဝါတစိတ်ထားဖြင့်၊ ထင်လျှားသည့်၊ ကိုယ်အမူအရာ သိသာလှပါ။ ရသမျှပစ္စည်းများကိုတော့၊ မျှတလို့သုံးစွဲတတ်သာ၊ ချီးမွမ်းစရာ၊ သူ့ကျေးဇူး အထူးသိတာမှာ၊ မင်္ဂလာတပါး၊ချိန်ရသည့်အခါတွေမှာ၊ တရားတော်ကို သာနာကြား၊ထိုငါးပါးမင်္ဂလာကို၊ သတ္တမ၊ဂါထာတွင်၊ ဟောပြတာပါ၊လေး။ ။

၉။ နိုင်၊ မနိုင်သီးခံမှု၊ ခန္တီစမင်္ဂလာသူတော်ကောင်း ဆုံးမသည့်အခါမှာ၊ နာလွယ်ကာမှတ်သား၊ သမဏာ ရဟန်းနှင့်၊သာမဏေ၊ သူတော်ကောင်းကို၊မြင်လျှင်နဖူး လက်တင်၊စိတ်ညွတ်တွား၊ချိန်ရသည့်အခါမှာ၊ဆွေးနွေးတာ၊တရား၊ ထိုလေးပါးမင်္ဂလာကို၊ အဋ္ဌမဂါထာမှာ၊ ဟောပြတာပလေး။ ။

၁၀။ အရာရာငြိုးခြိမ့်၊တာပေါစ၊ မင်္ဂလာ၊ မြတ်ဗြဟ္မစရိယာ၊ ကျင့်တို့ရာ၊ အားထား။ ဒုက္ခနှင့်၊ သမုဒယ နိရောဓ၊မဂ္ဂ၊ လေးသစ္စာကို၊သိတို့ရာ၊သင်ကြား။နိဗ္ဗာန်ကို မျက်မှောက်၊သားနိုင်မှု၊ မြတ်ဘုရားအလိုမှာ၊ ချီးမွမ်းသည့်သာ၊ ထိုလေးပါးမင်္ဂလာကို၊ နဝမ၊ ဂါထာမှာ၊ ဟောပြတာပလေး။ ။

၁၁။ လောကဓံ၊ ရှစ်ပါးနှင့် ၊တွေ့ကြုံငြား ရဟန္တာ။ ဘေးရန်မရှိ၊ချမ်းသာတာမှာ၊စိုးရိမ်တာမရှိ၊ ကိလေသာ မြူမငြိတာရို့၊ တုံလှုပ်ခြင်းကင်းကွာတာ၊ ရဟန္တာမှာ၊ ထိုလေးပါးမင်္ဂလာကို၊ဒသမ၊ဂါထာမှာ၊ ဟောပြတာ ပလေး။ ။

၁၂။ မင်္ဂလာသုတ်တော်မှာ ဟောတာက၊ကပ်သုံးပါး ရန်ငါးဖြာ၊ကင်းလွတ်ရမှာ၊ မကျင့်လို့ မလွတ်ပါလျှင်၊ ဗုဒ္ဓဘာသာ၊စစ်မလား၊မင်း၊သူခိုး၊ ရန်သူများကိုတော့ ကရုဏာမုဒိတာ၊မေတ္တာပို့ပါ၊သုံးဆဲ့ရှစ်မင်္ဂလာဆိုတာ မြတ်ဘဂဝါဟောပြတာပလေး။ ။

၁၃။ ဘုံသုံးတန်သံသရာမှာ၊အဏ္ဏဝါအလား၊ လှေနာဝါ၊ပေါင်များဖြင့်၊ကူးသွားကြအမြန်။လောကဓံ၊ ရှစ်ခွင် လှိုင်းတွေက၊ မုန်တိုင်း၊ ကြောင့်၊မြင့်၊နိမ့်၊ကြုံတွေ့ရမြန်။ ငါးခန္ဓာ၊လှေသဏ္ဌာန်မှာ၊ သတိဉာဏ်၊ တက်မထား၍ မမှားသည့်ကျင့်သီလာ၊ သမာဓိ၊ မြဲတည်ရမှာ၊ ပါယ် ကင်းသည့်ကမ်း၊မဂ်ဖိုလ်ကို၊ရက်တုံတို၊တဘဝ၊နှစ်ဘဝ မကြာ၊ရောက်ရမှာပလေး။ ။

( ပြီးပြီ )

အန္တရကပ်။ ၂၅၆ကပ်ရှိသော၊ တကမ္ဘာမှာ၊ သံဝဋ္ဋကပ် ဝိဝဋ္ဋကပ်၊ သံဝဋ္ဋဋ္ဌာယီကပ် ဝိဝဋ္ဋဋ္ဌာယီကပ်အားဖြင့် မဟာကပ်ကြီး၊ ၄၊ ကပ်ရှိသည့်အနက်။ နေ့လ၊ နက္ခတ်၊ ပေါ်ထွက်သည့်မှစ၍။ ကမ္ဘာပျက်သည့်၊ တိုင်အောင်၊ လူနေသော၊ အန္တရကပ်။ ၆၄၊ ကပ်ကို၊ သံဝဋ္ဋဋ္ဌာယီကပ်၊ ဟုခေါ်သည်၊ အန္တရကပ်၊ တကပ်ခေါ်သည်မှာ၊ အသက်အသင်္ချေယျမှ။ တရာမှာ၊ တနှစ်လျော့၍၊ အသက်၊ ၁၀။ နှစ်ထိ။ အသက် ၁၀၊ နှစ်မှတဖန်။ တိုးတိုး၍၊ အသက်၊ အသင်္ချေယျ၊ ထိသည့်အခါမှာ။ အန္တရကပ်။ တကပ်ဟု ခေါ်သည်။ ဘုရားတဆူပွင့်သော၊ ကမ္ဘာ။ နှစ်ဆူပွင့်သောကမ္ဘာ။ သုံးဆူပွင့်သော၊ ကမ္ဘာ။ လေးဆူပွင့်သောကမ္ဘာ၊ ငါးဆူပွင့်သော၊ ကမ္ဘာ။ ငါးမျိုးရှိသည့်အနက်၊ ဤကမ္ဘာမှာ ဘုရားငါးဆူ ပွင့်သောကြောင့်၊ ထူးမြတ်သော၊ ဘဒ္ဒကမ္ဘာဟု၊ အမည်တွင်သည်၊ ဆုတ်ကပ်၊ အန္တရ၊ ရှစ်ကပ်မှ၊ တဆဲ့နှစ်ကပ်ထိ၊ ဘုရားငါးဆူပွင့်မည်၊ ရှစ်ကပ်၊ သိန်းတန်းမှာ၊ ကကုသန်၊ ဘုရား။ ကိုးကပ်မှာ၊ ကောဏာဂုံ။ ဆယ်ကပ်မှာ၊ ကဿပ၊ တဆဲ့တကပ်၊ ကလိယုဂ်၊ ဆုတ်ကပ်၊ အသက်၊ တရာ့တန်းမှာ၊ ဂေါတမ၊ အမည်တွင်သော၊ သာကျပုတ္တ၊ သာကီဝင်မင်းမျိုး၊ သိဒ္ဓတ္တမင်းသား၊ ဘုရားအဖြစ်သို့၊ ရောက်၍၊ သက်တော်ရှစ်ဆယ်၊ ဝါတော်၊ လေးဆဲ့ငါးဝါ၊ ကာလပတ်လုံး၊ အလွန်ရခဲသော၊ ဒုလ္လဘတရား၊ ငါးပါးကို၊ ဟောတော်မူရာတွင်၊ သဒ္ဓမ္မ၊ သာဝနံ၊ အတိဒုလ္လဘံဟု၊ ဟောတော်မူသောကြောင့်၊ သူတော်

ကောင်း၊တရားကို၊အလွန်၊ကြား၊ရ၊နာရတို့၊ခဲယဉ်းသည်ဟု၊နိဒါန်းအကျဉ်းမှာ၊ဆော်ပြသည်၊ ။

---

## နိဒါန်းအကျယ်မှာမှုကား။

လောကီချာန်၊အတိဉ္စာဉ်၊သမာပါတ်ရသောကာလ၊ ဒေဝီလ၊ရှင်ရသေ့သည်၊လူပြည်၊နတ်ပြည်၊ လှည့်လည် ၍နေရာ၊ရှေ့ကမ္ဘာ ၄၀၊ နောက်ကမ္ဘာ ၄၀၊ ကိုသိမြင် သည့်အတိုင်း၊ ဗေဒင်၊ ၄၊ပုံတွင်၊သာမဗေဒင်ကျမ်းမှာ၊ အခြေလေးခု၊ ရှိသည်နှင့် တူသော၊ ကတယုဂ်၊ သုံးခု ရှိသည်နှင့် တူသော ၊ တေတြာယုဂ် ၊ နှစ်ခု ရှိသည် နှင့်တူသော ၊ ဒွါပရယုဂ် ၊ တခုရှိသည်နှင့် တူသော၊ ထိုကလိယုဂ်၊သက္ကရာဇ်ဒီဃ၊ ၈၆၄၅-နှစ်ကို၊ ဘိုးတော်၊ အဉ္ဇနမင်းကြီးနှင့်၊ တိုင်ပင်၍၊ ဖြိုကြွင်း၊ ကလိယုဂ်၊ သက္ကရာဇ်၊ရသာ၊တနှစ်ကို၊ ထားတော်မူလေသည်မှစ၍၊ သက္ကရာဇ်၆၇-ခု၊ဝ ခါပိုလပြည့်၊ ကြာသပတေးနေ့၊သန်း ခေါင်စန္နီးဟု ခေါ်သော၊လမင်းနှင့်၊ ဥတ္တရာသံ၊ နက္ခတ်၊ ယှဉ်သည့်အခါမှာ၊ ခမည်းတော်၊သုဒ္ဓေါဒနမင်းကြီး၏ မိဖုယား၊သိရိ၊မဟာ မာယာဒေဝီ၏ ဝမ်းတိုက်၌၊ဘုရား အလောင်းတော်၊သိဒ္ဓတ္ထ၊မင်းသား၊ ပဋိသန္ဓေ၊ တည်နေ တော်မူသည်။ ထိုဘုရားအလောင်းတော်သည်၊ အနူ၊ ငါးရာ၊ရှင့်မာ၊တကျိတ်၊ဟုဆိုအပ်သော။ တော၊ဇာ၊သု၊နေ၊ မ၊ ဘျ၊ စံ၊ နှ၊ ပိ၊ ဝေ၊ ဆိုသည့်အတိုင်း၊ဝေသန္တရာမင်း

အဖြစ်မှ၊တုသိတာ၊ နတ်ပြည်၌စုတေတော်မူ၏။ နတ်တို့၏အသက် ၄၀၀၀ လူတို့၏ နှစ်အားဖြင့် ၅၇ ကုဋေ ၆-သန်း တုသိတာနတ်သားအဖြစ်၊ စံနေတော်မူပြီးမှ။ ကြည့်ခြင်းကြီးငါးပါးဖြင့်ကြည့်ပြီးလျှင်ထိုကြာသပတေးနေ့တွင်၊ ပဋိသန္ဓေ၊ ယူတော်မူ၏ ဆယ်လစေ့မြောက်၊ ၆၇-ခု။ ကဆုန်လပြည့် သောကြာနေ့သို့ ရောက်လတ်သော်၊စန်းနှင့်၊ဝိသာခါနက္ခက်၊ ယှဉ်သည့်အခါ၊ နံနက်၊အချိန်မှာ၊ဘွားမြင်တော်မူ၏။ထိုသို့၊ကြာသပတေးနေ့မှာ သန္ဓေယူ၍၊သောကြာနေ့တွင်၊ ဘွားမြင်ပြီးသော်၊သက်တော်၊တဆဲ့ခြောက်နှစ်၊စေ့ရောက်သဖြင့်၊ယသောဓရာနှင့်၊တိတ်သိက်၊ခံ၍၊စံနေတော်မူရာ၊သက်တော်၊ နှစ်ဆဲ့ကိုးနှစ်စေ့သည့်အခါမှာ၊ ထင်လျှားသော၊ပါကဋ၊တရားသူအို၊သူနာ၊သူသေ၊ရဟန်း၊နိမိတ်ကြီးလေးပါးကို၊မြင်ရသဖြင့်၊ဥယျာဉ်တော်မှာနေရာ၊သားတော်ရာဟုလာကို၊ဘွားမြင်သည့်ဟု၊အသံကြား၍။ဝါဆိုလပြည့်၊တနင်းလာနေ့၊ညသန်ခေါင်းအချိန်မှာ၊မယ်ယသော်၏ အဆောင်တော်သို့ဝင်၍၊သားတော်၊ရာဟုလာကိုကြည့်ရှုပြီးသော်၊အာ၊ဘောား၊ကား၊ယား၊ငါ၊ရွှေခံ၊ဟုဆိုအပ်သော ဘွားဘက်တော်၊၇-ယောက်အနက်၊ဆန္နအမတ်နှင့်တကွ၊ကဏ္ဍကာ၊မြင်းတော်ကို စီးပြီးလျှင်၊ ထိုည၊ တနင်္ဂလာနေ့မှာပင်တောထွက်တော်မူသလေ၏ မာရ်နတ်သား၊ တားသော်၊ရန်ကို၊တွန်းလှ၍ပြီးမှ။အနောမာ၊သောင်ကမ်းသို့ ရောက်လျှင်၊မိဋ္ဌာန်၍၊ဆံတော်ကိုပယ်ပြီးသော်၊အကာဏိဋ္ဌ၊ဘုံမှ

စသဉ္ဇိကာယ၊ ပြဟ္မာမင်းကပ်လှူလာသော၊ သင်္ကန်း၊ ပရိက္ခ ရာ၊ အစုံကိုဝတ်ဆင်လျက်၊ ရဟန်း၏အသွင်ဖြင့်၊ ခြောက် နှစ်တိုင်တိုင်၊ ဒုက္ကရ၊ စရိယာ၊ ကျင့်ပြီးသော်၊ သက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့ညဉ့်တွင်၊ ဒါမ်မကာအရှ ဘုရားဧကန်ဖြစ်မည်ကိုသိသဖြင့်သေနနိဂုံးအနီး၊ ကြီးပွါး သော၊ ညောင်ပင်ရင်း၌ထွန်းလင်းသော၊ ကိုယ်ရောင်ဖြင့် စောစောကပင်၊ နေလေ၏မဟာသေန၊ သူကြွယ်၏ သမီး သုဇာတာသည်၊ အရှယ်ရောက်သဖြင့်၊ စိတ်အကြံရှိသည့် အတိုင်း နွားမတထောင်မှ၊ ရှစ်ကောင်အထိ၊ အစိတ်စိတ် ပြုလုပ်၍၊ ရသော နို့ရည်ဖြင့်၊ ဂဏာဆွမ်းချက်၍၊ အဘိ တသိန်းထိုက်သော၊ ရွှေခွက်ဖြင့်၊ ထည့်ယူလာပြီးလျှင် ညောင်ပင်ရင်းသို့ကပ်၍၊ အရှင်ဘုရား၊ အကျွန်ုပ်သည် အမျိုးတူသော၊ ယောကျ်ားနှင့်၊ ပေါင်းရ၍၊ သားဦး ရတနာ၊ ရပါစေသောဟု ရုက္ခပိုးအမှတ်ဖြင့်၊ ဆုတောင်း ၏ဘုရားလောင်းသည်၊ ခံယူတော်မူ၍၊ ထိုဗလိနတ်စာ ဂဏာဆွမ်းကို၊ သုပ္ပတိဋ္ဌဆိပ်၌၊ ရေချိုးပြီးလျှင်၊ အရှေ့ သို့မျက်နှာမူ၍၊ အာရုဏ်တက်စမှာပင်၊ ထမ်းသီးမျှည့် ပမာဏ ရှိသော၊ ဆွမ်း၊ လေးဆဲ့ကိုးလုပ်ကို၊ ဘုဉ်းပေး တော်မူ၍၊ ရွှေခွက်ကို၊ မြစ်ကမ်းသို့ယူဆောင်ကာ၊ ဓိဋ္ဌာန် တော်မူပြီးလျှင် မျှောလေ၏ဓိဋ္ဌာန်သည့် အတိုင်း၊ ရေ ယဉ်ကိုဖြတ်သန်း၍၊ အထက်သို့ အတောင်ရှစ်ဆယ်၊ ဆံတက်ပြီးလျှင်၊ မြုပ်ဆင်းသဖြင့်၊ ကာလနဂါးမင်း၏

ဗိမာန်၊ ရှေးဘုရားတို့၏ ဖွဲ့ဗွက်သုံးလုံး၊ အပေါ်သို့ရောက် လေ၏။

ကာလနဂါးမင်း၊ နှိုးသဖြင့်၊ လူ့ပြည့်တွင်၊ ခဏ၊ ခဏ၊ မကြာပင်၊ ဘုရားပွင့်သည်ဟု၊ ရွှင်လမ်းစွာမည်တမ်း၏ ထို့နေ့ပင်လျှင်၊ ကာယကဿ၊ ဝိပဿနာကို၊ ဆင်ခြင် လျက်၊ ရှစ်ဥဿဘ၊ ကွာသော ဗောဓိပင်သို့ကြွရာ။ လမ်းခရီးအကြားတွင်၊ သောတ္ထိယ၊ မောင်စင်၊ လှူဒါန်း သော၊ မြက်ရှစ်ဆုပ်ကို၊ အလှူခံ၍။ ဗောဓိပင်၏အနီးသို့ ရောက်သောကာလ၊ မြက်ဆုပ်ကို၊ အဖြားက၊ ကိုင်ပြီး လျှင်၊ မိဋ္ဌာန်၍၊ ကြဲရာ၊ အမြင့်အားဖြင့်၊ တဆဲ့လေးတောင်၊ ထိပ် အကျယ်အားဖြင့်၊ တဆဲ့ လေးတောင်ရှိသော၊ အပ္ပရာဇိတ၊ ပလ္လင်သည်၊ အလယ်၊ ဗဟိုရ်ချက်ဖြစ်သော မြေ၏ဦးထိပ်ဖြူ ဖြစ်ပေါ်၍လာလေ၏။

ရှေးနောင်တော် ဘုရားရှင်တို့၊ တက်သည့် အတိုင်း၊ ဆင်ခြင်၍၊ ပလ္လင်အထက်သို့တက်ပြီးလျှင်၊ ထက်ဝက် ဖွဲ့ခွေ၊ သီကာင်း သုံးနေတော်မူ၏။ ထိုအခါ၊ နတ်ပြည့် ခြောက်ထပ်၊ အထက်ဆုံး၊ ဝသဝတ္တီဘုံသည်၊ နတ်သက် အားဖြင့်၊ တသောင်းခြောက်ထောင်၊ လူတို့၏နှစ်အား ဖြင့်။ ၉၂၁-ကုဋေ၊ ၆-သန်း အသက်ရှည်သော၊ ထိုဝသ ဝတ္တီဘုံမှ၊ မာရ်နတ်မင်းသည်၊ လက်ရုံးပေါင်းတစ်ထောင် ကိုဖန်ဆင်း၍။ လက်နက် အမျိုးမျိုးကိုင်ဆောင်ပြီးလျှင်။ ဂိရိမေခလာ၊ ဆင်ကိုစီးလျက်။ လက်ဝဲဘက်မှ။ တဆဲ့ နှစ်ယူဇနာ။ လက်ျာဘက်မှ၊ တဆဲ့ နှစ်ယူဇနာ၊ နောက်က

စကြာဝဠာ။တံတိုင်းအထိ။ကောင်းကင်က။ တဆဲ့ရှစ်ယူ
ဇနာရှိသော၊ နတ်စစ်သည်ဗိုလ်ပါ။ ပရိသတ်ခြံရံလျှက်။
ပလ္လင်ကို။ လုယူအံ့သော။အကြံဖြင့်။ ဗောဓိပင်ရှိရာသို့
ဆင်း၍လာခဲ့၏မာရ်နတ်မင်း၏ စိတ်အကြံကို သိတော်မူ
သော။ ဘုရားလောင်းသည်။ ငါမူကား။ ဘုရားဆုကို
တောင်းသည်မှစ၍။ပါရမီဆယ်ပါးတွင်။ အစဖြစ်သော။
ဒါနပါရမီ။ဒါနဥပ။ပါရမီ။ ဒါနပရမတ္ထပါရမီ။ သုံးပါး
ကို။ ဖြည့်ကျင့်သည့်အခါတိုင်းမှာ။ ရေစက်သွန်းချ၏။
ထိုရေစက်ကြသည်ကို။ဝသုန္ဒြေ။ဤမြေကြီးပင်။ အသိဖြစ်
သည်ဟု။ မိန့်မြွက်တော်မူသောအခါမှာ။ သေလာ
ကျောက်မြေ။တသိန်းနှစ်သောင်း။ ပံသု။မြေမှုံ။ တသိန်း
နှစ်သောင်း။ ပေါင်း။ နှစ်သိန်း လေးသောင်း။ ယူဇ
နာရှိသော။ဤမဟာပထဝီမြေကြီး၏အောက်။ ခံလျက်နေ
သော။ရေထုကြီးသည်။အထက်သို့။တွန်းကန်းတက်လာ
သဖြင့်။မြေကြီးကွဲ၍တက်လာသော။ ရေအလျှံကြောင့်။
မာရ်နတ်မင်းနှင့်တကွ။ စစ်သည်အပေါင်း။ ပျက်ပြား
ထွက်ပြေးကြလေကုန်သတည်း။ဤကား ဒေဝပုတ္တမာရ်
ကို။ရှေးဦးစွာ။အောင်မြင်ခြင်းတပါး။ထိုနောက်ညည့်ဦး
ယံ၌။ပုဗ္ဗေနိဝါသဉာဏ်။သန်းခေါင်ယံ၊ ဒိဗ္ဗစက္ခုဉာဏ်။
လင်းအားကြီးမှာ။အာသဝက္ခယ။ဉာဏ်ဟုဆိုအပ်သော
ဝိဇ္ဇာသုံးပါးကို။ သိမြင်သဖြင့်။ အလုံးစုံသော။ တရား
အပေါင်းကို။ သိမြင်သော။ သဗ္ဗညု။ ဘုရားအဖြစ်သို့။
ရောက်တော်မူလေ၏မဟာဗောဓိပင်ပလ္လင်ထက်၌ ပထမ

သတ္တဟမှစ၍၊သတ္တမ သတ္တဟအထိ။ခုနှစ်ရက်။ခုနှစ်လီ။ ၄၉-ရက်။ နောက်ဆုံးသတ္တဟ၌။ အဘိဓမ္မာ၊ ခုနှစ်ကျမ်း ဖြစ်သော။ဓမ္မသင်္ဂဏီ။ဝိဘင်း။ဓါတုကထာ။ပုဂ္ဂလပညတ် ကထာဝတ္ထု။ယမိုက်။ပဋ္ဌာန်း။အဘိဓမ္မာ ၇-ကျမ်းတို့တွင် နောက်ဆုံးပဋ္ဌာန်းကျမ်းကို။သုန်းသတ်။ ဆင်ခြင်တော်မူ သည့်အခါမှ။ညို။ရွှေ။ဖြူ။နီ။မောင်းမှဥ။ပြိုးပြိုးပျက်။ တခဲ နက်။ရောင်ခြည်တော်။ ခြောက်ရိုင်။ တပြိုင်တည်း။ ကိုယ် တော်မှ။ထွက်၍။ ကွန့်မြူး။ပျံထွက်။ ပြေးသွားလျက်ရှိ သည်မှာ။စကြာဝဠာအနန္တသို့။ ယနေ့တိုင်မြန်းကြွလျက် ရှိသည့်ကို။ ဥာဏ်ဖြင့် တွေး၍။ အလွန်ကြည်ညိုရော။ အံ့သြစရာဖြစ်၏။

ထိုနောက်၊ လောက၏အကျိုး သဟံပတိဗြဟ္မာမင်း တောင်းပန်ချက်အရ၊ ကျွတ်ထိုက်သော သတ္တဝါတို့ကို၊ ချွတ်အံ့သောငှါ၊ သားသမင်တို့ကို၊ အေးမြဲ ပေးရာဖြစ် သောကြောင့်ဂုဏ်း၊ဘုရားပဉ္စဝဂ္ဂီ၊ရဟန္တာတို့သည်၊ ကောင်းကင်မှ သက်ရာ၊ ကောင်းကင်သို့ တက်ရာဖြစ် သောကြောင့်ဂုဏ်း၊ ဣသိပတန၊မိဂဒါဝုန်တောသို့။ကြွ တော်မူရာ။ဂရေသိသ။ အကြား၌။ ဥပကတက္ကတွန်းနှင့် တွေ့သဖြင့်။မေးမြန်းသောကြောင့်။ငါ၏အမည်မှာ။ ဒေဝ ပုတ္တမာရ်။ကိလေသမာရ်၊ခန္ဓမာရ်။မစ္စုမာရ်။ အဘိသင်္ခါ ရမာရ်။ထိုမာရ်ငါးပါးကို။ အောင်တော်မူသဖြင့်။ဇိနဟု။ ပိန့်ကော်မူသောအခါ။နောက်တော်သို့။လိုက်ပါရစေဟု၊ အခွင့်တောင်းသော်လည်း၊ သားတယောက်၏အဘော။

ဖြစ်မှု။လိုက်ခဲ့ဟုမိန့်တော်မူပြီးလျှင်ကြွသွားတော်မူသော
အခါ။ဥပက။ တက္ကတွန်းရဟာန်းမှာ။ ငိုကြွေးမည်တမ်း။
မူဆွေးကာ ကြံရစ်ရှာ လေတော့သတည်း။ မိဂဒါဝုန်။
တောသို့ ရောက်သောအခါ။ ဝါဆို လပြည့်။ စနေ
နေ့။ နေတခြမ်းဝင်။ လ,တခြမ်း ထွက်သည့်အခါမှာ
ပင်။ပဥ္စဝဂ္ဂီ။ငါးပါးကို။ဓမ္မစကြာတရားဦးကိုဟောတော်
မူလျှင်။နိမိတ်လက္ခဏာဘတ်သည့်အခါ။ ဗေဒင်၏အလို။
ဘုရားဧကံ ဖြစ်မည်ဟု။ လက်တချောင်းကို ထောင်၍
ဟောသော။ ကောဏ္ဍည။ ပုဏ္ဏားသည်။ထိုညည့်၌ပင်
လျှင် သောတာပတ္တိဖိုလ်သို့။ ရှေးဦးစွာ ရတော်မူ၏
နောက်ညမှာ။ ဝပ္ပ။ နောက်ည။ ဘဒ္ဒိယ။ နောက်ည။
မဟာနာမ်။ ဝါဆိုလပြည့်ကျော်။ ၄ရက်ညမှာအသီးသီး
သောတာပတ္တိဖိုလ်သို့ရောက်ကြသဖြင့်။ငါးရက်ညမှာ။
ပျက်ခြင်းသည်အနိစ္စ။ ပျက်ခြင်းကြောင့်။ ဆင်းရဲရခြင်း
သည်ဒုက္ခ။ထိုဒုက္ခမဖြစ်ရန်။ မတတ်နိုင်။အစိုးမရအလိုကြ
မဖြစ်နိုင်သောအနတ္တလက္ခဏာသုတ်တော်ကိုဟောသဖြင့်
ဘဒ္ဒပဥ္စဝဂ္ဂီ။ငါးဦးသုံးပင်ရဟန္တာဖြစ်ကြကုန်၏ဓမ္မစကြာ
တရားတော်ဟောသည့်မှစ၍။လေးဆဲ့ငါးဝါကာလပတ်
လုံး။နေ့တိုင်းနေ့တိုင်း။ အပ္ပမာဒေနသမ္ပာဒေထ။
ဗုဒ္ဓုပ္ပါဒေါ။ဒုလ္လဘော။ စသော။ ဒုလ္လဘတရားငါးပါး။
သတိပေးတရားကိုဟောတော်မူ၏ အဇပ္ပါလယ်မှာဗြဟ္မာ
၏ပြည့်မှချအပ်သောအပ်၏အဖျားနှင့်လူ၏ပြည့်မှထောင်
ထားအပ်သောအပ်ဖျားနှစ်ခုထိဘို့ရှားခဲယည်းသလို၊လူ၏

ဘာဝကို။ရခဲခြင်းတပါး။ ဘုရားပွင့်သည့်အခါ၊ ဘုရား၏
အဆုံးအမသာသနာရှိသည့်အခါတွင်းမှာ။ လူဖြစ်ဘို့။ရခဲ
ခြင်းတပါး။ ရှင်သာမဏေ။ ရဟန်းအဖြစ်ကို။ ရခဲခြင်း
တပါး။ရတနာ၃ပါးနှင့်ပြည့်စုံမှု။ဘုရားအစစ်။ ရတနာ၃ပါး
နှင့်ပြည့်စုံမှု။တရားတော်အစစ်။ရတနာတော်၃ပါးနှင့်ပြည့်
စုံမှု။သံဃာလျှင်။ ဖရိုမဇ္ဈိမသံဃာအစစ်။ ဤသို့ယုံကြည်ခြင်း
နှင့်တကွ။မကောင်းမှုကိုပြုမိလျှင်။ အဖြစ်နှင့်တကွ။ငရဲ
ကြီးရှစ်ထပ်အထိ။ ဒုက္ခဆင်းရဲခံရခြင်း။ ကောင်းမှုကိုပြု
လျှင်။လူ့ဘုံ။နတ်ဘုံ။ ဗြဟ္မာဘုံ၌ သုခချမ်းသာခံစားရ၍။
သန္တိသုခ။နိဗ္ဗာန်ကိုရခြင်း။ကံ။ကံ၏အကျိုးကို။ယုံကြည်
သော။ သဒ္ဓါသမ္ပတ္တိနှင့်ပြည့်စုံခြင်းတပါး။ ထိုငါးပါး
တက်။ဆူတော်ကောင်း၏တရားစစ်၊ တရားမှန်ကို။ကြား
နာရဘို့ကား။ အလွန်ခဲယဉ်းသဖြင့်။ သဒ္ဓမ္မသဝန။အတိ
ဒုလ္လဘံဟု။ ဘုရား ဟောတော်မူသည်၊ ဤတွင်၊ နိဗ္ဗာန်
အကျယ်ပြီး၏။

ထို့အပြင်အထူးမှတ်ချက်မှာ၊ ။ကြာသပတေးနေ့။
[illegible]ဝယူ။သောကြာနေ့မှာသွား။တနင်္လာနေ့မှာ။တော
[illegible]။ဗုဒ္ဓဟူးနေ့မှာ။ ဘုရားဖြစ်။ စနေနေ့မှာမွေ့စကြာ
တရားဟော။အင်္ဂါနေ့မှာ။ပရိနိဗ္ဗာန်ပြု။ တနင်္ဂနွေနေ့မှာ။
●တဆောဝါတ်လောင်။ ။မွေးဝင်ပုဇ်မှာ။ ။မ။သိ။ကြ။
လျှင်။ထွေး။ဆ။ဓိုး။ရ နေ့ပြီး၏။ ။

၁၂နံပါတ် နိဂုံးမှာ။ မင်္ဂလာတရား ကျင့်ပါသော်
ညည်း။ ကပ်သုံးပါး။ ရန်သူမျိုးငါးပါး။ မလွတ်ရှိတတ်

သေး၏။ထို့ကြောင့်၊ ကမ္ဘဝိပါကော။ အတိနိ့ယောဟု
ဟောတော်မူ၏။ ဗုဒ္ဓဘာသာအစစ်မှတ်ပါ။ ။မင်္ဂလာ
သုတ်မကျင့်လျှင်။ ဗုဒ္ဓဘာသာ မစစ်ဟုမှတ်ပါ။ ။နိဂုံး
နိပါတ်။၁၃။မှာ၊ဘုံသုံးတန်သံသရာမှာ။အဏ္ဏဝါအလား
ဆိုရာ၌။ ။ကာမ။၁၁-ဘုံ။ရူပ ၁၆-ဘုံ၊ အရူပ ၄-ဘုံ၊
ပေါင်း ၃၁-ဘုံသည်။ ဩဃ ၄-ပါး။ ယောဂ ၄-ပါး။
အာသဝ ၄-ပါး။ဂန္ထ ၄-ပါး။သမုဒ္ဒရာကြီး။လေးစင်းနှင့်
တူ၍။ဝဲဩဃ။ ရုတ်ယူတတ်သကဲ့သို့။ အပါယ်လေးဘုံ
ငရဲကြီးရှစ်ထပ်။အဝိစိအထိ။ ရုတ်ယူနိုင်သည်ဟု ဆိုလို
သည်။

လှေနာဝါ။ ဖေါင်များဖြင့် ကူးသွားကြအမြန် ဆိုရာ၌။
သမ္မာပညတ်။လှေ။သဘော်။ ငွေ။ ရထားဖြင့်။နိဗ္ဗာန်
သို့။မရောက်နိုင်သော။ ဘုရား။ ပစ္စေဗုဒ္ဓါ။ရဟန္တာတို့။
ရောက်ကြပြီဟုဆိုလိုသည်။ လောကဓံ ။ ရှစ်သွင်လှိုင်းတွေ
က။ မုန်တိုင်းကြောင့်။ မြင့်။ နိမ့်၊ ကြုံတွေ့ရမြန်။ဆိုရာ၌။
စိတ်ရှုး စိတ်ရိုက်တွေကြောင့်။လောကကြီးမှာ။လာဘ်ရ
ခြင်း။ မရခြင်း။ အခြံအရံ နည်းခြင်း။ များခြင်း။ တဲ့ရဲ့
ခံရခြင်း။ ချီးမွမ်းခံရခြင်း။ သုခချမ်းသာတွေ့ရခြင်း။ဒုက္ခ
ဆင်းရဲတွေ့ရခြင်း။လောကဓံ တရားရှစ်ပါးတည်းပါ။ ။

ငါးခန္ဓာ။ လှေသဏ္ဌာန်မှာဆိုရာ၌၊ သမ္မာပညတ်။
ခန္ဓာငါးပါး။ရုပ်။နာမ်။နှစ်ပါး။ နာမကာယ။ရူပကာယ။
အပေါင်းဖြစ်သော၊ ကိုယ်ကိုးမြဲဆိုသည်။ သတိဥာဏ်

တက်မ။ထား၍ဆိုရာ၌၊ သတိသည်လိုရင်းဖြစ်သဖြင့်၊လျှော့တက်မ။ နှင့်တူသည်။ ကာယနုပဿနာ။ သတိပဋ္ဌာန်၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်။ စိတ္တာ နုပဿနာသတိပဋ္ဌာန်။ဓမ္မာနုပဿနာသတိပဋ္ဌာန်။ သတိပဋ္ဌာန်။ ၄ပါးတရားကို၊အားထုတ်လျှင်၊ ၇ရက်ဖြစ်စေ။ ၇နှစ်အတွင်းမှာဖြစ်စေ၊ အရဟတ္တဖိုလ်နှင့်၊တပါးပါးသောဖိုလ် ၂ပါးကို ရနိုင်သည်ဟု၊ ဘုရား ဟောတော်မူသည် ဖြစ်၍၊ တိပိဋကဓိပိဋကနှုတ်မဆိတ်ဟု၊ လယ်တီဆရာတော်ကြီး၊ ဒီပနီမှာဖြဆိုတော်မူသည်။

ရုပ်နှင့်နာမ်၊ ၂ပါးဆိုရာ၌၊ အဘိဓမ္မာနည်း အားဖြင့်၊ ရုပ်၊၂၈၊ပါး၊ နာမ်၊ စေတသိက်၊၅၃ ပါး၊ နာမက္ခန္ဓာ၊ ၄ပါးရှိသည်ဟု၊ ဆိုလိုသည်၊ စိတ်၊တခုယုတ်၊ကိုးဆယ်၊ အကျယ်၊ ၁၂၁၊ ပါးကို၊ သိမှု၊ ဝိညာဏက္ခန္ဓာတပါးကောက်။စေတသိက်၊ ၅၂၊ပါးတွင်၊ သညာစေတသိက်ကို၊မှတ်တတ်သော၊ သညာက္ခန္ဓာတပါးကောက်၊ ဝေဒနာစေတသိက်တပါးကို၊ခံစားတတ်သော၊ဝေဒနာက္ခန္ဓာတပါးကောက်၊ ကြွင်းသောစေတသိက်၊ ၅၀၊ ကိုပြုပြင်တတ်သော၊သင်္ခါရက္ခန္ဓာဟုမှတ်ပါ၊ပေါင်း၊ နာမက္ခန္ဓာ ၄ပါး၊ ရုပက္ခန္ဓာ၊ ၁ပါး၊ခန္ဓာငါးပါး၊ အဘိဓမ္မာနည်းမှတ်ပါ၊

သုတ္တန်နည်းမှာ၊ဆံပင်အစ၊ ဦးနှောက်အဆုံး၊ ပထဝီရုပ်ဓါတ်၊ ၂၀၊ သည်းခြေအစ၊ ကြင်ငယ်ရေ၊ အဆုံး၊ အာပေါ၊ရုပ်ဓါတ်၊၁၂ပါး၊ အစာကို၊ ချေကြက်စေခြင်း၊ ရင့်ရော်ဆွေးမြေ့ စေခြင်း၊ပြင်းပြစွာ၊ ပူလောင်ခြင်း၊ရုံ၊

အေး၍ရံခါပူခြင်း၊တေဇောရုပ်ခါတ်၊၄ပါး အထက်သို့ ဆံတက်သောလေ၊အောက်သို့ရုံဆင်းသောလေ၊အူသိမ် အူမအတွင်း၌၊ တည်သောလေ၊ ဝမ်းရင်ခေါင်းအတွင်း၌ တည်သောလေ၊ ကိုယ်လက်အင်္ဂါကြီးငယ်သို့၊ လျှောက် သောလေ၊(ထွက်လေ၊ဝင်လေ) အားဖြင့်၊ ဝါယောရုပ် ဓါတ်၊၆ပါး၊ စုစုပေါင်း၊ ရုပ်ဓါတ်၊ ၄၂ပါး၊နာမ်ဓါတ်၊ ၆ပါးမှာ၊မြင်မှု၊ကြားမှု၊အနံ့ရမှု၊ အရသာခံစားမှု၊ထိ တွေ့မှု၊ အဆိုး၊ အကောင်းကို၊ သိမှတ်တတ်သော၊စေ့ ဓါတ်အားဖြင့်၊နာမ်ဓါတ်၆ပါးဖြစ်၏၊ရုပ်ဓါတ်၊နာမ်ဓါတ် ပေါင်း၊ ၄၈ပါး ဖြစ်၏။ ။အဇ္ဈတ္တ၊ သဘာဝ၊ဓါရေ၊ တီတိ၊ဓါတု၊ရုပ်နာမ်၏သဘောမှာ၊ဖြစ်စအခါ၊ အတူတူ ဖြစ်၍၊ပျက်သည့်အခါမှာလဲ၊အတူတူ၊ ပျက်ကြ၏၊ သို့ရာ တွင်၊နာမ်သက်က၊ အပျက်မြန်၍၊ ခဏငယ်၊ ၅၁ချက်၊ ဥပါဒ်၊ထီ၊ဘင်၊ရှိ၏။ရုပ်သက်ကနှေး၍၊ ဥပါဒ်တချက်၊ထီ မှာ၊နာမ်၏၄၉ချက်နှင့်ညီမျှ၍၊ဘင်မှာ၊နာမ်၅၁ချက်တွင်၊ ရုပ်နှင့်နာမ်အတူတူပျက်ကြ၏၊ မျက်စိတမှိတ်၊ လက်ဖစ် တချက်မှာ၊ကုဋေတသိန်းမက၊ အတူတကွ၊ ပျက်ကျ၏၊ ခန္ဓာငါးပါး၊အာယတန၊၆ပါး၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓအားဖြင့်၊ ၁၂ပါး၊ဓါတ်၁၈ပါး၊ ပဋိစ္စသမုပ္ပါဒ်၊၁၂ပါး၊ကိုသိပါမှ၊ မျက်စေ့ကောင်းသော ကလျာဏပုထုဇ္ဇန်ဖြစ်၍ အပါယ် ၄ပါးကင်းပြီးလျှင်၊ အမြန် နိဗ္ဗာန်ကို ရောက်ကြမည်။

ဤကားးပါယ်ကင်းသည့်ကမ်းမင်္ဂလိကို၊ ရက်တို့တို ဘဝမကြာခင်၊ရောက်ရမှာပလေး ။

( ပြီး၏ )

## မြန်မာပြည် ဒိုင်ရာယ် မှတ်တမ်း၊လေးချိုး-ခွဲချိုး တြိချိုး-တေးထပ်သွား။

၁။ မြို့ဒေါင်းဖြူမင်းပိုင်းရပ်၊ သိမှတ်ဘို့ နောင်အခါ၊ ဦးဘိုးဘ၊ တောင်းပန်စာမှာ တေးကဗျာ၊ အသွား၊ ဦးဘိုးဘ၊တောင်းပန်၊ ဆိုတာမှာ၊ တေးထပ်လိုအသွား၊ လူအများ၊မှတ်သားခြင်အောင်၊လူငယ်အများတို့၊ ဘတ် ဆိုခြင် အောင် ခေတ်ကိုတည့်ထွင် ရေးတဲ့ စာသွား၊ တေးထပ်လိုပင်၊ဆိုကြအများ။

၂။ ကမ္ဘာမှာ၊ ကြာအစ၊ ဗြဟ္မာတို့က ဆင်းလာ၊ မြန်မာဟိုခေါ် ဆိုတာမှာ၊ ဤနေရာမှာနှ၊ ဒေါင်းဖြူမင်း၊ ကြက်စားတာကို၊မှတ်သားကာ၊သားလိုက်ပါကြ၊ ရှမ်း ခနဲ့တည်ထွင်တာမှာ၊ ကြည့်လင်တာအစ၊ဤနေရာဂါမ၊ ခါသမယရောက်လာ၊ဥမ္မါဒ။ ခေတ်နန်းတည်တာမှာ၊နှစ် ရှည်စွာကြာက၊ဗန္ဓုလာ၊ခံတပ်ဖြင်တာ၊ဗန္ဓုလမြို့ရိုးဖြင်တာ မှာ၊တလိုင်းတွေ့ရှေကပင်၊ပြုလုပ်ကြတာဝရ။ ။

၃။ ထောင့်တရာ၊ ရှစ်ဆဲ့ခြောက်၊သက္ကရာဇ်ရောက် လာ၊ဘကြီးတော်၊မှန်းနန်းစံနေတော်မူ၊အခါမှာ၊ ဗန္ဓုလ မှာကျဆုံး၊စစ်စားရိပ်၊လျော်ဘို့ငွေမှာ၊ လေးကုဋေမှတ် ထ အားလုံး၊ အာသံနှင့်မဏိပူရမှာ၊ရေးမြိတ်၊ထားဝယ် ပါထည့်အုံး၊ နှစ်တရာ၊ အကောက်ကြေလျှင်၊ နှစ်တရာ အတွင်း၊ အကောက်ငွေ၊ အကုန်ကြေလျှင်၊ စာချုပ်ထာ တွေပျက်ဘို့၊ အားလုံး။ ။ဘကြီးတော်မိန့်စကား၊မှတ် သားလို့ လိုက်နာ၊ ထောင့်နှစ်ရာသုံးချကြ၊ တိဂုံက၊ ဆံ

တက်ကြွရောက်လာ၊ ကုန်းဘောင်မင်း ဝံနန်းတော်မှာ ဤနေရာဌာန၊ ကုန်းဘောင်မင်းတဲနန်းတော်မှာ၊ ဤနေရာ ဌာန၊မြို့ဝန်မင်းဦးကျော်ဖြတာ၊ခေါ်ဆိုကြ၊နောင်အခါ နန်းတော်ကုန်းရွာ၊ ဤကဲ့သို့အစမှာ၊ ဦးကျားဘို၊ ပော ပြောကဲ့တာပလေး။ ။

၄။ ကျိုက်ကလွှန်ပွန်း၊ပထိုးတော်မှာ။တန်းခိုးတော် အမှန်ဖြတာက၊ သပိတ်ပမာဏဘူးမြင်ရတာ၊ ထူးမြတ် လှပါ၊ ထန်းမှည့်ပမာဏ၊ ဘူးမြင်ရတာ၊ ထူးမှတ်စရာ အင်ကြင်းပင်၊ အခက်ဖျားမှ၊ ယင်းမပင်၊ အထက်ဖျား ဆီသို့၊ ဘုရားကို ၊လှည့်လည်နေတာ၊ ကြည်နူးဘွယ်ရာ ဦးမှူးကပြောဖြပုံမှာ၊ ထောင့်နှစ်ရာဆင့်ကဲ၊ သုံးဆဲ့သုံး၊ ခြံဖြက်တွေထွင်တာ။သုံးဆဲ့သုံး၊ ကိုင်းဖြက်တွေ၊ ထွင် တာမှာ၊ ဆွမ်းတော်ကြီး စတင်တာကို သိရတာဘဲ ထိုခေတ်က၊ လူကြီး၊ အရာမှာ၊ ဦးဗို ခေါ်တာဘာဘဲ ဒေါ်ကွမ်းအဘ၊ဦးဗို၊ ဘာဘဲ၊ ဦးမှူးက၊ ရွက်ဆော ခဲ့တာမှာ၊ ယခုရှိတဲ့၊ တောင်တော်ကိုသာ၊ သိကြမှာ ဘဲ၊ (အောင်ကြော်စံညီးမင်တုံးထိုး)

၅။ သုဓမ္မာ၊ အမျိုးထဲမှ၊ ဒွါရ၊ ဂိုဏ်း၊ ခွဲဖြန်တာ အချွတ်ကပါ၊ ဒွါရ၊ ဂိုဏ်းခွဲ၊ တည်ထွင်တာ၊ ဦးဉက္ကသ ဆရာတော်ပါ၊လိုယင်းကိုမသိပါလျှင်၊ ကွဲပြားငြင်းခုံ မှာ၊အမျိုး၊ပါဠိတော်အဋ္ဌကထာ၊ သဘောမှာ၊ အတူ သာ၊သိတ္တိုထင်လျှား၊ ထောင့်နှစ်ရာ၊ လေးဆဲ့ခြောက် သက္ကရာဇ်ရောက်လာ၊ သာပေါင်းရွာ၊ လူကြီးတွေမှာ ကြည် သဒ္ဓါ ထက် ပွား၊ ဟာသ်ာတတိုက်၊ ဘုရားကြီ

ဆရာတော်ကို၊ ဦးသာဂရဆရာတော်ကို၊ ပင့်ယူ၊ ကိုးကွယ်တာကို၊သိကြအများ၊ဦးထွန်းသာ အစ ထွင်သည်၊ သာပေါင်းရွာရှိ၊ လူကြီးတွေ၊ စိစဉ်သည်၊ သာသနာ၊ စိပင်၊ထွန်းမှာပလေး။ ။

၆။ထောင့်နှစ်ရာ၊ ၃နှစ်ဆဲ့လေး၊ ကုသိုလ်ပေး၊ ရွှေပုညာ ၊ဦးရွှေဘဲ၊ ကျောင်းဆရာမှာ၊ အစိုးရအစစ်ခံ၊ခွန်နှစ်တန်း၊ ဘွင့်တာမှာအစ။ နောင်အရှည် ကိုးကွယ်ကြစေဘို့။သုဗေါဓ။ ကျောင်းတိုက်မှာ" တည်ထောင်ရတာ။ ဦးအောင်ဘာ။အစပါတာ၊ ရွာလူကြီးတွေ။ အကုန်ပ ါတာ။ ထောင့်နှစ်ရာ။ဆင့်ကဲ။ကိုးဆယ်ပြည့် သက္ကရာဇ်ကိုသာ။ တွက်စစ်လို့ သာမှတ်ကြပါတော့လေး။ ။

၇။ ဒုတိယကုလား။မှတ်သားဘို့နောင်အခါ။ထောင့်နှစ်ရာ။တဆဲ့သုံးပျက်ခုံးသည့်။အောက်မြန်မာပြည်မှာ။ ပုဂံမင်းနန်းစံအခါမှာ။ ကုလားစစ်။ သင်္ဘောတွေဟာ။ ဝင်ရောက်။ တိဂုံက။ လွှန်မြောက်လို့။ ဆံတက်သည့်။ သင်္ဘောတွေ။ ညောင်တုံး၀။ စုလို့သာနေ။ ထိုကဲ့သို့။ နေအခါမှာ။ဓနုဖြူနယ်ပါ။တိုက်သင်္ဂြုက။လူစုလို့။ခုံတာ ဦးမြတ်ထွန်းပါ။ဦးမြတ်ထွန်း သူ့စွမ်းရည်မှာ။ လက်ကိုင်ပါ။ ဆောင်ထားနှင့်။ ချပ်သတ်သည့်။ စစ်သားတွေ။ ထောင်မကသေ။ချပ်သတ်သည့်။ စစ်ဗိုလ်တွေ။ နှစ်ဆယ်ကျော်သေ။စွမ်းရည်ရှိလျက်။မချပ်နိုင်တာ။ပြီးပါလျက်နှင့် မချံနိုင်တာမှာ။ကြိုးခစင်း၀င်ကာ။ပုံးကြရ။တာပလေး။ ဆဲ့လေးနှစ် ရောက်သည့်ခါမှာ။ ထက်မြန်မာပြည်လုံး။ မင်းတုံးမင်းနန်းတက်စံတာ။၊မင်းတုံးမင်းနန်း သက်ရှည်

ကြာတာမှာ နှင်ဆဲ့ခြောက်နှစ်။ အမှန်သာ၊ မှတ်ကြ ပါတော့လေး။ ။

၈။ တောင့်နှစ်ရာ လေးဆယ်ဖြစ်။ ခွန်နှစ်နှစ်ခွန်း လာ။တန်ဆောင်မုန်း။ လပြည့်ကျော်လာ။ရှစ်ရက်အခါ ငြိန်ရောက်မူ။ရှေ့ကြမ္မာ။ ဝင်ရောက်လို့။ သီဘောမင်း ပါတော်မူတာ။သီ ဘော မင်း အပါယူတာ။ တပ်ိယ ကုလားပါ။ဦးကောင်းနှင့်။ တိုင်ထားမှာ၊ ကွဲပြားတာ။ ထင်လျှား။ဦးကောင်းနှင့်ကိုင်တားမှာ၊ကွဲပြားစတာကာ ဘယ်သူက။ ဟုတ်မှန်မှာကို၊ ပညာရှိတွေ။ အမြန်သာ။ သိကြပါတော့လေး။ ။

မှတ်ချက်။ ။ဦး။ကောင်း။လိပ်။ရပ်။ (သိပေါ်မြတ်)

၉။ တောင့်သုံးရာ၊သုံးဆွကြ၊တပေါင်းလ၊ ဆန်းလာ၊ ဆဲ့လေးရက်၊ ခြောက်သည့်အခါမှာ၊ ဂျပန်လာ၊ ဝင် ရောက်၊လေးသူ့ခါတ်၊ရှေ့ခြောက်နံရက်သို၊ လေးသူ့ခါတ်၊ အောက်ပဋ္ဌယံကို ဗုံးနှင့်ချကာ၊ အမှုံ၊ ပေါက်၊ ဖျက်။ တာပလေး။ကြားမြင်သူ၊ လူအများက၊ မဟာရေး ဂျပန်ဗိုကြွေးလူ့ကာ၊ပျော်ဆိုသံကို။ လူ။နှပ်။မကြာ။ အကုန်သိ တာမို့။ယုံစရာမရှိ။မဟာရေး ဂျပန်။ နေရပ်သို့ပြန်။ နှစ်နှစ် ကြော်ကြာမခံအောင်၊ နှစ်နှစ်ကြော်၊ ကြာမခံအောင်၊ ဗြိတိသျှကို၊အမြန်။ပေါင်းနှင်၊ ကြတာပလေး။ ၊ဂျပန် ပြေးလို့အရေးသာချင်၊ မြန်မာပြည်ကို လွတ်လပ်ရေး။ အမြန် မနှေးပေးတို့ရာ၊ တောင်းဆိုကြတာ။ ဤကဲ့သို့ တောင်းဆိုအခါမှာ၊ကြည်သာစွာ။စိတ်ထားဖြင့်။ လွတ် လပ်ရေးပေးခဲ့ကာ။အင်္ဂလိပ်ပါ။အစမ်းပေး။ ပေးခဲ့တာ။

ငါးနှစ်တွင်းပါ။ ဗိုလ်ချုပ်ဝသည့်ခေါင်းဆောင်တွေဟာ။ အောင်ဆန်းစသည့် ခေါင်းဆောင်တွေမှာ။ စည်းမျဉ်း။ ညီညီညာညာ။ဆွဲဖြကြ။တာပလေး။ ။

၁၀။ သောင့်သုံးရာ။ ကိုးချုကြ။ ဝါခေါင်လပြည့်ကျော်။ တရက်နေ့။ စနေကြိမ်သည်။ ဇီးဝေးအချိန်ခါရောက်။ ရှေ့ကြမ္ဗာဝင်ရောက်လို့။ တဆစ်တစ်နာရီမှာ။ ကိုးလောင်းသေတာ၊ အောင်စမ်း၊ စသည့် ခေါင်းဆောင်တွေမှာ၊ ကိုးလောင်းသေရှာ၊ ဖြင်ကြားသူများ၊ ငိုကြွေးသူတာမှာ၊ ဒုတိယ၊ တခါ၊ ဖြစ်ဖြန်တာပလေး။ ။

၁၁။ သောင့်သုံးရာ၊ ကိုးချုကြ၊ ဖြာသိုလ်လ၊ ပြည့်ကြော်၊ ကိုးရက်ခြောက်၊ သုပန္နာဟာ၊ နေ့၊ အသစ်မှာ၊ အစ၊ မိုးသောက်သ၊ လေးနာရီ၊ နှစ်ဆယ်အတည်၊ မိနစ်ချိန်ပ၊ သမတ၊ မြန်ပြည်အောင်မှာ၊ ကမ္ဘာတည့်အောင် အစ၊ ကျောက်စာတိုင်၊ ညီစွာ၊ ချပါလို့၊ ကြွေးကြော်ကြကောင်းကြီးသံ၊ သိကြားမင်း၊ သိမှာ၊ အမှန်၊ ချိုက်သည့်၊ ကျောက်စာတိုင်မှာ၊ ယိမ်းမယိုင်၊ တည်မြဲလို့၊ သမတ၊ မြန်မာ၊ ပြည်တောင်မှာ၊ သာသနာ၊ အရောင်၊ ထွန်းတောက်မှာဘဲ၊ နောက်မကြာ၊ ငါးနှစ်တွင်း၊ ချမ်းသာခြင်း၊ ဖြစ်ရမည်အတည်၊ နောက်မကြာ၊ ငါးနှစ်အတွင်း၊ စကြာမင်း၊ ရောက်ရမည်၊ သိုက်နှင့်အညီ၊ ကပ်လွှတ်အောင်တရားပွဲ။ အားခဲလို့၊ ပြုလုပ်ရပါတော့သည်၊ နားကြားသူ၊ မြို့နယ်လူတွေ၊ ပတ္တမြား၊ ရွှေငွေ၊ ဆန်စပါးနှင့်၊ အမှန်အားဖြင့်၊ သုံးမကုန်၊ ပေါမည့်၊ လူ့ဘုံ၊ အထက်တန်း

ကြကြ၊မျက်နှာပန်းလှမည်၊မင်္ဂ၊နန်း၊အမတာပြည်၊ ရောက်ကြရ၊မှာပလေး။ ။

၁၂။ တောင့်သုံးရော။ဆယ်ချကြ။ဝါခေါင်လ။ လဆန်းလာ။ငါးရက်မြောက်။ တနင်းလာမှာ။ မွန်းလွဲအခါကြိန်ရောက်။ဒေါင်းဖြူမြို့ရွာနှာမှာ။ဓနုဖြူမြို့ရွာနှာပါ။ ပြည်သူ့ရဲဘော်တွေဟာ။ သိမ်းဘို့လာရောက်။မြို့ပေါ်မှာ။ လူအများက။မြို့နေသူ။လူအများက။ ဘုရား။ကရား။သံဃာ။မိဘ။ဆရာ။ဂုဏ်ငါးဖြာ။အားကိုးနေတာ။ ဘေးရန်မရှိ။ချမ်းသာတာမှာ။ ဘေးရန်။မညီ။ ချမ်းသာကြတာမှာ။သိကြတာ။ထင်လျှားတာပဲလေး။ ။

၁၃။ တောင့်သုံးရော။ ဆယ်ချနှစ်။ ဆိုးသည့်ခေတ်ပြည်မြန်မာ။လူဆိုးတွေ။သောင်းကြမ်းဖုံမှာ။ မြို့။ပြည်ရွာ။ပျက်ပြုံး။ကုန်းလမ်းနှင့်။ ရေလမ်းတွေမှာ။ အဆောက်အဦး။တံတားတွေပါ။ ပျက်ထာ။ အားလုံး။တဲ။အိမ်နှင့်စပါးကျီပါ။မီးရှို့တာမကောင်း။ကြံရှိသူ။ လူအပေါင်းတို့မှာတော့။စိတ်ထောင်းလို့၊ကိုယ်ကြေတာကျမျက်ရေတွေတွေ။ဆင်းပါလို့။ ရှိက်ငိုယင်း။ သေရမတတ်ပါ။ဝတ်အစား။မရှိတာမှာ။ ရှေ့ကုသလာကံဘဲ။ အဝတ်အစား၊နေထိုင်စရာ၊မရှိကြတာမှာ။ရှေ့က။ အကုသလာကံဘဲ။လူနှအား သနားညှာလျှင်။ လူဒုကို။ သနားကြပါလျှင်။သတ်ဖြတ်။သောင်းကြမ်းတာတွေ။ ရပ်ခါစဲစေတို့။မြန်ပြည်သား။ စိတ်ချမ်းသာအောင်။ မြန်မာပြည်သား။လူအများ။စိတ်ချမ်းသာရန်။ နတ်သိကြားအမြန်။ စောင်မလှဲ။ပါတော့လေး။ ။

၁၄။ ထောင့်သုံးရာတဆဲ့တစ်၊ သက္ကရာဇ်ရောက်လာ၊ နောက်ထပ်လို့။အမှားမပါအောင်။ကိုယ်ခြင်းစာ။ စိတ်ထား၊ဝိသမ။ လောဘတွေကို။ ဝိသမဒေါသတွေကို၊ တိချေကာ။ပါယ်ကြအများ။မြန်ပြည်သား။ စိတ်ပြောင်းပါလျှင်။မြန်မာပြည်သား။လူအများ။ညီညွတ်ကြပါလျှင်။ ယခုမကြာခင်၊ချမ်းသာ။ရကြ၊မှာပလေး။ ။

၁၅။ ကမ္ဘာသူ။ ကမ္ဘာသား။ လူအများသိတို့ရာ။ မေတ္တာစိတ်၊ ကိုယ်ခြင်းမစာတာမှာ။ ဘယ်အခါမှာ။ မကောင်း။ ပါးစပ်ပြော သလောက် သဘောပါလျှင်၊ ပါးစပ်က။ပြောက်သလောက်။မနောက။ ပါကြပါလျှင်။ လူ့လောကမှာပင်။ချမ်းသာ။ရကြမှာပလေး။ ။

၁၆။ ထောင်သမျှ။ လဲရတာပါ။ ရှင်ကြတာ၊သေမြဲ။ မျိုးသမျှ။ယိုရမှာ။သောက်သမျှအစာတွေဟာ ။ပေါက်။ကြရမှာဘဲ။သဘာဝ၊ သဘော။ ပရမတ်ဟော။ မှတ်ပါ။ ပညတ်မှာ။လွဲနေပါလျှင်။ဘယ်အခါမှာ့။အမှန်မရတာမို့ များဒုက္ခ။ဆင်းရဲတာမကင်းလွတ်ပါ။ဆင်းရဲတာ။သိမြင်ပါလျှင်။ဒုက္ခကို။ သိမြင်ကြပါလျှင်။ သမုဒယ။လောဘ။ ဝိတိက္ကမ။စတင်၊ပါယ်ကြရမှာပလေး။ ။

၁၇။ ဝိပဿနာ။ ထွက်လမ်းပေါက်။ မဂ်လမ်းစခမ်း ရောက်ဘို့ရာမှာ။ မမြဲဆင်းရဲကိုယ်မဟုတ်။ ရှုစရာကို။ ဘန်ခါခါပွါးများ။သိသရော။ ရှည်လျားတာက။မပွါးဘဲ။ ချိန်ကုန်တာ၊နေ့ရက်များစွာ။စားသောက်မှု။ ရုပ်ပွေတာမှာ။လူ့ပြေမှာ။ လွန်များ ချိန်ရလို့။ ပွါးများပါလျှင်။ အားတုတ်လို့။ပွါးများပါလျှင်။တဘဝ။နှစ်ဘဝ၊ မကြာ

ခင်ရောက်ရမှာပလေး။ (သင်္ကိသုခချမ်းသာ။ နိဗ္ဗာန်ရွှေပြည်သို့ရောက်ပြီ)

## သတိ၊ သံဝေဂ၊ ဖြစ်ဘိုရာ၊ နိဗ္ဗိန္ဒတပ်တွန်း
## ( ဒွန်းထောက် )

၁၈။ အယူမှားပုံက၊ အယူမှားကြပုံကတော့၊ လူသားကို၊ သိတ်တွေ့မှတ်ပါလို့၊ ကွင်းစပ်မှာ၊ မီးမှို့ကာသတ်ကျပုံက၊ မပြုမလုပ်အပ်ပါတဲ့၊ ယိုအရောဟာ၊ သိသရောမှာတော့တဘန်ခံရမှာဘဲ၊ သံသရာမှာတော့၊ အမြန်ခံရမှာ၊ မလွဲ၊ ပြုလုပ် စေခိုင်း သူတွေကတော့ဖြင့်၊ မိဿာဉာဏ်အကြံ၊ ကံမလွဲ၊ ကြာလေလေ၊ ကြာလေလေ။ မြန်မာပြေမှာလူတွေနဲ့တဲ့အပြင်၊ အဝတ်အစား၊ နေထိုင်စရာ၊ ဗလာမရှိကြမှာမို့၊ မကောင်းကြမှာပါ၊ ပျာငွဲတွေ၊ မဖြစ်ကြရအောင်လို့၊ ဒေါင်းနဂရ၊ ကျွန်တော်တို့က ၊ ရေးပြရဘာတဲ့၊ တောင်းပန်စာပါ၊ မြတ်ဘုရားမှာတော့။ နတ်သိကြားတို့ရဲ၊ ဝတ်တွားကာ၊ ဆုပထနာ တောင်းရတယ်။ သိကြားနတ်မင်းတို့ခင်ဗျာ၊ ဦးမာတလိ။ ဗိသကြို။ လောကပါလနတ်မင်းကြီးတို့ခင်ဗျာ သိတို့အကြောင်း၊ သိကြပါစေကြောင်း၊ စောင့်ရှောက်အမြန်၊ စောငမတော်။ မူလွှဲပါမည့်အကြောင်း၊ အကြောင်း၊

၁၉။ အပာုတ်မမှတ်ကြပါနှင့်၊ တလုပ်ဇာတ်ကကြတာ၊ အပာုတ်မမက်ကြပါနှင့်တော့။ တလုတ်ဇာတ်၊ ထွက်နေတာ။ မိုက်ရှုးရဲ၊ ကာပ်ထဲ။ အမြန်။ ပြောက်ကြတာ။ တွေးကြောက်သိစရာ၊ ဝိရိယာ၊ ကံနှစ်ပါးငဲ့ဖြင်။ ဉာဏ်ကို

သာ။ရွှေမှာထားပါတို့။ ထိုသုံးပါးရှိသူသာ၊ ကြံမှာကာ။ သူတို့ဘဲ။ကြံမှာကာ။အဖြေမှန်သူတို့ဘဲ။ ကြံရှိမှာကတော့ ဖြင့်။ ဥာဏ်။ ဝိရိယ။ သုံးခု။ရှိတဲ့လူတွေဘာဘဲ။သိမှတ် စရာ။ ။သိမှတ်စရာ နိပါတ်မှာ။ဇာတ်တော်ကိုဖြရမှာ ဖြင့်၊ထေရီ။အပါဒန်။ ကျမ်းဂန်အရမှာတော့။လင်ဒါသ။ မပဒါ၊သားနှစ်ဖြာနှင့်လင်ပါဆုံး။ မိဘ။ဆွေမျိုး၊ရတနာ ရွှေငွေ၊တိုက်အိမ်၊ လယ်ယာ။မြေတွေမှာတော့။ အကုန် ဖြုံး။ပူမီးလျှံဖြာ။ပူမီးလျှံဖြာ၊ ငိုကြွေးကာ။ တစာစာနှင့်။ မြတ်ဘဂဝါဝိဇ္ဇော။တရားအမှန်ပြတော့မှ။မှားသမျှ။ အပူ လျှံတွေ။အမှန်ရပါတို့။ ထေရီမ။ ရဟန္တာ။ သံသရာမှာ တော့။ အပုဒ္ဓကျွငြိမ်း၊ နိပါတ်တော်မှာတော့ ။ ဇာတ် အသိမ်း။ သိမှတ်စရာက။ တော့ဖြင့်။နိဗ္ဗာန်။အမြန်ရတို့ ကိန်း။ ။ဦးညောယျာဆိုပုံ။ရှစ်လုံးဘွဲ့။

၂၀။ ဘုန်းတော်ကြီးနှင့်။သူကြီးတဖြား။ရပ်ရွာလူကြီး၊ သုံးကြီးမှတ်ပါ။ သူတို့ကောင်းက။ ကောင်းကြမြို့ရွာ။ သူမကောင်း။ပျက်ကြောင်း၊မြို့တိုင်းရွာ။

၂၁။ သတ္တိဗျတ္တိ။ နှစ်ပါးရှိလျှင်။ မိန်းမများလဲ။ဘုရား ဖြစ်ခြင်း။ဆုပန်ထားက။ရညားမှန်ပင်။ဂေါတမ။ ကျမ်းပြ။ ပါသည်ပင်။

၂၂။ သောတာပတ္တိမဂ်ဖိုလ် ရတာ။ ကာလီမိန်းမ။ ပဋ္ဌမပါ။ သာတာဂိရိ။ ဟေမဝန္တာ။ တဆင့်ပြော။ သဘော။နှစ်သက်ထာ။

၂၃။ သာသနာတော်။ ထွန်းလင်းနေတာ၊ ပါဠိတော်

နှင့်အဇ္ဈကထာ၊သဘောမကွဲထပ်တူကြတာ။ပညာရှိများ သိကြတာပါ။

၂၄။ လောဘဒေါသ။ မောဟပါဝင်၊ ပါဠိတော်နှင့်။ အလွဲပါစင်(မဂ်လာသုတ်နှင့်လွဲတာပါစင်) တရားစကား ကြားနာကြလျှင်။သတိဘား။မှတ်သား။သူတော်စင်။

၂၅။ သာသနာတော်။ ပျက်စီးရမှာ။ မကျင့်ဘဲနှင့်။ နိဗ္ဗာန်ရောက်သာ။ခေတ်သစ်ဆန်းတဲ့၊ ကမ္ဘဋ္ဌာန်စာ။သူ့ရိုး စရိုက်။ အကြိုက်ထွင်တာ။ လူကြိုက်များ။ ပျက်ပြာ သာသနာ။

၂၆။ လက္ခဏာသုံး။သစ္စာလေးတန်။ လေးဆယ်ထင် လျှားကမ္မဋ္ဌာန်း၊မှန်လိုယင်းအချုပ်။ဝိမုတ္တိမှန်။တရတည်း။ မဂ်ပြီး။ ဖိုလ်နိဗ္ဗာန်။ ဆရာတောင်း။ ။ဤသို့ပြုရကုသလ ကြောင့်၊ ဘဝပြောင်းခါ။ တုသိတာ၌။ မိတေယျနတ်။ လောင်းတော်မြတ်ထံ။ ဆုံးမခံလျက်။ ရင့်သန်ပါရမီ။ ငါးလီစာဂ။စရိယာသုံးတန်။ဖြည့်ကျင့်။မှန်သည်။ ရွှေပြည် နိဗ္ဗာန်။အမြန်။ ရောက်ရပါလိုသောဝ်။ နတ်လူသာခုခေါ် စေသောဝ်။

၂၇၊ အဋ္ဌဖြုတ်က။ဒိဋ္ဌိကွာတာ။ သဏ္ဌာယကို။ မခွါ ရပါ။ ပြဟ္မာမင်းအား။ ရှင်းလင်းသေချာ။ ထိုတရား။ ဘုရား။ဟောချွတ်ထာ။

## သံဝေဂယူရန်ကြိုချီးအသွား။

ဗြဟ္မာဖြစ်စင်က။ ကိုယ်ရောင်ဖြင့်။ ပြောင်ပြောင် တဝင်းဝင်း။ ဝက်ဖြစ်သည့်အခါမှာ၊ စားနေရတာက၊ မစင်တွင်း။ငရဲရှစ်ထပ်ကြတော့။ခံရတာ၊ ဆင်းရဲမကင်း။

## ကြိချီး

မြို့ခေါင်းဖြူ မင်းပိုင်းရပ်သိမှတ်ကြသူငါ။ ဦးရွှေဘဲ။ ကျောင်းဆရာဟာ။ မွေးဘွားရွာ။ ညောင်ချောင်း။ ဦးထွန်းဦး။ ဒေါ်ဘွားဖြူမှာ။ သားဦးရတနာ။ မွေးသည့်ကံဟောင်း။

### လေးချိုးအသွား။

နော်ကြွေခွေးအစ်သက္ကရာဇ်ရောက်လာ။ လပြာသိုလ်။ နှစ်ရက်ရှေ့။ စနေနေ့ နေဝင်တော့မလို။ သင်ကမ်းစီးလျက် သန့်စင်တာ။ နော၊ ကြွေ၊ ခွေး။ ဇေ်။ သက္ကရာဇ်ရောက်လာ။ လပြာသိုလ်။ လပြည့်ကျော်နှစ်ရက်စေ့။ ကြရက်ပ်။ ရာသီမှာ။ စန်းလက်ပူး၍။ ပညာအထူးတတ်သိ၊ လိမ္မာ၊ ရှေးကာ၊ ဘုသလာ၊ မိဿမှာ၊ ကောသရော၊ နေတယ်၊ ခွေမှာ၊ ကြွက်၊ ဆင်တွေလူကျ်၊ မကာရ၊ တနင်္ဂနွေ၊ စံမြန်းလို့ နေ၊ ပိုင်း၊ ပူး၊ နတ်၊ ကုံရာသီမှာ၊ ကျည်ဗွာ။ ယှဉ်လတ်၍၊ ရဟန်းမြတ်၊ မင်းနှင့်၊ ဆရာ၊ ခုဇယုဂ်၊ ရသည့်ဇာတာ၊ ရှိ့ ဟပ်ကျမ်း၊ အလိုမှာ၊ ရန်ပေါ်လာ။ နိုင်မြဲ၊ ကျောင်း၊ ဘုရား၊ စေတီ။ ကံ၊ မှာ၊ စိမံပါ၊ အပြီးသာပ၊ လေး၊ ၊

ဗုဒ္ဓဘာသာ၊ အစစ်မှာ၊ လိုရင်းစာကို၊ ကြည့်ကြပါ၊ ခမ္မစကြာ၊ အနတ္တာ၊ လိုရင်းစာမှာ၊ အမှန်ပါ၊ သတိပဋ္ဌာန်၊ တရားမှန်၊ အမြန်၊ နိဗ္ဗာန်၊ သုံးဆဲ့ရှစ်ဖြာ၊ မင်္ဂလာ၊ ချမ်းသာ အမြန်ရောက် (ရှစ်လုံးဘွဲ့)ပရိတ်တရား နှုတ်ငုံထား၊ နေ့ ညမသွေ၊ ရွတ်ပါလေ၊ ဘေးရန်ကင်းပေ၊ လာဘ်တက်နေ့ ချမ်းသာမသွေရမှာပေ၊ {ပြီးပြီ}

# စကြာဝင်စွေသော—ဝင်ငွေဝင်နှုန်း

# တရူးသိုက်စာ၊

ဆရာသမဂ္ဂလက်စွဲ။

အကျဉ်းချုပ်စာအုပ်ကို—မျှော်ပါ

ဤစာအုပ်သည်ပိဋကတ်နှင့်ဗေဒင်

ထွက်လမ်းပေါက်ကိန်းပဿနာစာအုပ်ဖြစ်ပါသည်။

## ဆရာကြီး—ဦးရွှေခဲ

အိမ်နံပါတ် ( ၅၂ ) သိရိုလမ်း။
ကလယ်မြို့-ကြည်မြင်တိုင်။